# ကျွန်ုပ်တို့ရဲ့ ဘ၀လမ်းများ၊ ရှင်သန်ရပ်တည်မှုများ

## မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် အရင်းအမြစ်များအပေါ် ဌာနေတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများ



AIPP

POINT
Promotion Of Indigenous and Nature Together
ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

ထုတ်ဝေသူ
အာရှဌာနေတိုင်းရင်းသားများ ကွန်ယက် (AIPP)
၂၀၁၅

**“ ကျွန်ုပ်တို့ရဲ့ ဘဝလမ်းများ၊ ရှင်သန်ရပ်တည်မှုများ ” - မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် အရင်းအမြစ်များ အပေါ် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ**

**ကမ္ဘာတစ်ဝန်းလုံးတွင် နေထိုင်သော ဌာနေတိုင်းရင်းသားလူမျိုးများ စုစုပေါင်းအရေအတွက်မှာ သန်းပေါင်း ၃၅၀ ကျော်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅% ခန့် ရှိပါသည်။ ဆင်းရဲသောသူများအထဲတွင် ၁၅%မှာ ဌာနေတိုင်းရင်းသားလူမျိုးများ ဖြစ်သည်ဟု ခန့်မှန်းထားသည်။**

အာရှတိုက်သည် သန်းပေါင်း ၂၆၀ ခန့် ( ကမ္ဘာ့ဌာနေတိုင်းရင်းသားလူမျိုးများအရေအတွက်၏ သုံးပုံနှစ်ပုံခန့် )သော ဌာနေတိုင်းရင်းသားလူမျိုးများနေထိုင်သော နေရာဖြစ်ပါသည်။ အာရှတိုက်ရှိ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းအရ မြေယာအသုံးပြုမှုနှင့် မြေယာပိုင်ဆိုင်မှုစနစ်များမှာ ရှေးယခင်ကတည်းကရှိပြီး ယနေ့ထိတိုင် ဆက်လက်ကျင့်သုံးနေသော ဓလေ့များဖြစ်ပါသည်။ ဓလေ့ထုံးတမ်းအရ မြေယာအသုံးပြုမှုစနစ်များသည် လူထုအခြေပြုဖြစ်ပြီး ရှင်သန်နေထိုင်မှုလိုအပ်ချက်များနှင့် လူထု၏လက်တွေ့လုပ်ဆောင်မှုများအပေါ် မူတည်ပြီးစီမံခန့်ခွဲပါသည်။ ယေဘုယျအားဖြင့် မြေယာနှင့် အရင်းအမြစ်များကို အသုံးပြုခွင့်နှင့် စီမံခန့်ခွဲခွင့်များကို ရပ်ရွာအတွင်း အများသဘောတူဆုံးဖြတ်ဆောင်ရွက်ကြပြီး ရပ်ရွာလူထုများအကြား သာတူညီမျှအခွင့်အရေးရရှိကြသည်။ မြေနေရာဒေသတစ်ခု သို့မဟုတ် အရင်းအမြစ်တစ်ခုကိုပိုင်ဆိုင်ခွင့်သည် ၎င်းတို့၏ သဘောသဘာဝအပေါ်မူတည်ဆုံးဖြတ်ကြပြီး မျိုးဆက်တစ်ခုမှတစ်ခုသို့ လွှဲပြောင်းပေးအပ်ကြခြင်းဖြစ်သည်။ တစ်ဦးချင်းဖြစ်စေ၊ မျိုးနွယ်စုအလိုက်ဖြစ်စေ၊ ရပ်ရွာလူထုအနေဖြင့်ဖြစ်စေ မတူညီသောဆက်စပ်မှုပုံစံအမျိုးမျိုးဖြင့် မြေယာအသုံးပြုမှုစနစ်များကိုတွေ့ရသည်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာများ၊ နယ်နိမိတ်များနှင့် အရင်းအမြစ်အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ ကာကွယ်ခြင်းနှင့် ပြည့်စုံစေခြင်းတို့သည် ရုပ်ပိုင်းကြံ့ခိုင်ရေးသာမက ယဉ်ကျေးမှုပိုင်းရပ်တည်နိုင်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးတို့အတွက်ပါ အရေးကြီးသည့်အချက်ဖြစ်ပါသည်။ တိုင်းပြည်များက ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် အရင်းအမြစ်များပိုင်ဆိုင်မှုများ၏ အရေးပါအရာရောက်မှုနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာတန်ဖိုးများအပေါ် လေးစားမှုပြုရန်လိုအပ်သည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးများ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုတို့အတွက် ဓါးမဦးချဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများ ပြည့်ပြည့်စုံစုံကျင့်သုံးနိုင်ရေးကို သေချာစေမည့်လုပ်ငန်းစဉ်များ ချမှတ်ရပါမည်။


**ယခုထုတ်ဝေခြင်းကို ဆွီဒင် နိုင်ငံတကာ ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အေဂျင်စီနှင့်**
**တာမလ်ပိုင်းစ် ယုံကြည်မှုအဖွဲ့တို့မှ ထောက်ပံ့ထားသည်။**

Sida
SWEDISH INTERNATIONAL DEVELOPMENT COOPERATION AGENCY

Tamalpais Trust

AIPP also acknowledges the continuing support of its core donors

Editor : LuchieMaranan
Script : Aung KyawSoe
: Joan Carling
: RobelizaHalip
Illustrations and Layout Design: SalaiSuanpi



Disclaimer: The contents of this comic book are the sole responsibility of Asia Indigenous Peoples Pact (AIPP) and can under no circumstances be regarded as reflecting the position of any donor mentioned above


"ချောင်းရိုး"
ရွာကလေးဟာ ကြီးမားတဲ့ တောင်တန်းကြီးတွေ၊ မြစ်ချောင်းတွေနဲ့ သစ်တောတွေဝိုင်းရံနေပြီး ငြိမ်းချမ်းတဲ့ ဌာနေတိုင်းရင်းသားကျေးရွာ ကလေးပေါ့ ...
ညနေခင်းတစ်ခုမှာ ...... ဘကြီးတို့ လူတစ်စုဟာ မီးပုံလေးဘေးမှာထိုင်ရင်း ရေနွေးကြမ်းသောက်နေကြတယ်၊ ကလေးတွေကတော့ ဘေးနားလေးမှာ ကစားနေကြတယ် ......


ငါတော့ ...... မောပြီဟေ့
လာ .... ဘကြီးတို့ဆီသွား ပြီးတော့ ပုံပြောခိုင်းရအောင်
အေး ...... ကောင်းတယ်
ဘကြီးတို့ .... ကျွန်တော်တို့ကို ကျေးဇူးပြုပြီးတော့ ပုံပြင်ပြောပြပါနော်။
အိမ်း ..... ကောင်းပြီ၊ လာ အဘတို့ရဲ့ ကျေးရွာ အကြောင်းကို ပြောပြမယ်။
ဒါပေမယ့် အရင်ဆုံး ... အဘတို့ရွာ ဘယ်လောက်ထိ ကြီးလဲဆိုတာ ........ ဘယ်သူသိလဲ ။


တောင်ဘက်က မြစ်အထိ ကျွန်တော်တို့ရွာ အကျယ်အဝန်း ရှိတယ် ထင်တယ် ...
အဲ့ဒီ ... မြစ်ကြီးက ကျွန်တော်တို့ရွာနဲ့ အနီးနားမှာရှိတဲ့ ဖုံအိမ်ရွာကို ...... ခြားထားတယ်
လူလေး ထန်းပိုင်း ပြောတာ မှန်တယ်ကွဲ့ ... တောင်ဘက်ကမြစ်ကြီးက အဘတို့ရဲ့ တောင်ဘက် နယ်နိမိတ်ပေါ့ ...
အရှေ့ဘက်ဆို ...... စားကျက်အဆုံးထိရှိတယ်၊ အနောက်ဘက်မှာ ရေကန်ကြီးအထိကျယ်ပြီးတော့ ....... မြောက်ဘက်မှာ တည်ရှိတဲ့ တောင်တန်းကြီးတွေက အဘတို့ရွာရဲ့ နယ်နိမိတ်ပေါ့ကွယ်


ရွာမှာနေတဲ့ ရွာသားတွေက စားဝတ်နေရေးအတွက် ဘာတွေလုပ်ကိုင်စားသောက်နေတယ်ဆိုတာ .... ဘယ်သူပြောနိုင်မလဲ ...
ကျွန်တော့်အဖေက မုဆိုးပါ။ သူက တောထဲမှာ သားကောင်တွေကို အမဲလိုက်တယ်၊ အဲ့ဒီကနေ အစားအစာတွေ ရတယ်။ .... မြစ်ထဲနဲ့ ရေကန်ထဲကို သွားပြီးတော့လဲ ငါးမျှားတယ်
ကျွန်မသူငယ်ချင်းတွေရဲ့ မိဘတွေလိုပဲ၊ ကျွန်မမိဘတွေက တောင်သူလယ်သမားတွေပါ။ .... သူတို့က လယ်ထဲမှာရော ရွှေ့ပြောင်းတောင်ယာထဲမှာရော စပါးတွေ စိုက်ကြတယ်၊
ကျွန်တော်တို့ ...... တောထဲကနေ မျှစ်တို့ မှိုတို့ သွားခူးတယ် .........


ကဲ ..... လူလေးတို့၊ အခြားလူတွေက လာပြီးတော့ အဘတို့ရဲ့ မြေယာတွေ သစ်တောတွေကို ယူမယ်ဆိုရင်၊ နောက်ပြီးတော့ ...... အဘတို့ ငါးဖမ်းတာကို လာပြီး တားမြစ်မယ်ဆိုရင်၊ အဘတို့ရဲ့ မြစ်တွေ ကန်တွေကို လာဖျက်ဆီးမယ်ဆိုရင် ....
ဘာတွေဖြစ်လာနိုင်မယ်လို့ ထင်လဲကွဲ့ ......
အဲ့လိုဆိုရင် ... ကျွန်တော်တို့ရွာသားတွေ ဘယ်မှာ အစာသွားရှာရတော့မလဲ အဘရဲ့ ......
အိမ်း .... အဘတို့ရဲ့ မြေယာတွေ သစ်တောတွေနဲ့ မြစ်ချောင်းတွေ ဘယ်လောက် အရေးကြီးတယ်ဆိုတာ လူလေးတို့ သိပြီနော်၊ အရေးကြီးတာမှ အဘတို့ရဲ့ စားဝတ်နေရေးအတွက်သာမကဘူးကွဲ့၊ ........ အဘတို့ရဲ့ယဉ်ကျေးမှုတွေ၊ ကိုးကွယ်ယုံကြည်မှုတွေ ဓလေ့ထုံးတမ်းတွေအတွက်ပါ အရေးသိပ်ကြီးတာပေါ့ .........


ဒါကြောင့်လဲ ..... အဘတို့ရဲ့ဘိုးဘေးတွေနဲ့ အဘတို့က ဒီနယ်မြေကို ချွေးတွေ၊ သွေးတွေ၊ မျက်ရည်တွေနဲ့ ကာကွယ်ခဲ့ကြလို့ပဲ... ခု လူလေးတို့ ဆက်လက်ရှင်သန်နေထိုင်နိုင်ကြတာပေါ့ကွယ် ....
အခု တော်တော် နောက်ကျနေပြီ မနက်ဖြန်ရောက်တော့မှ အဘတို့ရဲ့ မြေယာတွေကို လှည့်ပတ်ကြည့်ကြပြီးတော့ ....အဘတို့ ဘယ်လို စီမံခန့်ခွဲကြသလဲဆိုတာ ...... နောက်ထပ်ရှင်းပြမယ်
ပေါးရှင်းထန်း ရေ...ငါတို့မင်းမောင်လေးနဲ့ သူ့ရဲ့သူငယ်ချင်းတွေကိုကျေးရွာအကြောင်း ရှင်းပြနေတာ၊ပြီးတော့ သူတို့ကိုဒီနယ်မြေ တပိုက် လိုက်ပြပြီးတော့ အဘတို့ ဘယ်လို အရင်းအမြစ်တွေကို စီမံခန့်ခွဲပြီးတော့
အသက်ရှင်ရပ်တည်နေတယ်ဆိုတာ ရှင်းပြဖို့စီစဉ်နေတယ်ကွ။ မနက်ဖြန်.....လုံမလေးလဲ လူငယ် ခေါင်းဆောင်တစ်ယောက်အနေနဲ့ အဖော်လိုက်ခဲ့ပါလား.....
ဟုတ်ကဲ့ အဘ ....ကျွန်မလဲ တခြားလူငယ်တွေကို ခေါ်ခဲ့ပါဦးမယ်.....သူတို့လည်း အဘတို့ဆီက လေ့လာရတာ ပေါ့.......


အေးကောင်းတယ်ကွယ်။ မနက်ဖြန်မနက်ကျရင် ကလေးတွေဒီနေရာမှာ လာပြီးစုကြ။......
တနေ့ကုန်ရင်.... ကုန်သွားမှာမို့နေ့လည်စာ ထုပ်ခဲ့ကြကွယ်...
ဟုတ်ကဲ့ပါ အဘ...
ဟေး....... ထန်းပိုင်း၊ မြန်မြန်လုပ်ဟ။ ငှက်ပျောရွက်တွေ သွားခူးရအောင်....
ဒီနေ့ခရီးအတွက်... နေ့လည်စာတွေ ထုပ်ရအောင်လို့လေ .........


မလိုတော့ဘူးအမ ... အခုသွားလို့ရပြီ......ကျွန်တော် နေ့လည်စာ ထုပ်ပြီးပြီ။
အေး.....ဒါဆို သွားရအောင်
အားလုံးအဆင်သင့်ဖြစ်ကြပြီလား၊ အရင်ဆုံး.....မြောက်ဘက်မှာရှိတဲ့ တောင်တန်းတွေဆီ သွားရအောင် ......
ဟုတ်။
...... ဟုတ်ကဲ့အဘ။
အေး.......ခု အဘတို့ မြောက်ဘက်ဆုံးအပိုင်းကို ရောက်နေပြီ။ ......


ဒီတောင်တန်းတွေပေါ်က ...... ကုန်းမြေတွေ သစ်တောတွေက မွန်မြတ်သန့်ရှင်းတဲ့ ကုန်းမြေတွေ သစ်တောတွေဖြစ်တယ်။ ဒီနေရာကို အဘတို့က ရွာနီးနားချင်းက မျိုးနွယ်စုတွေနဲ့ မျှဝေရတယ်။
ဒီနေရာမှာ......
အဘတို့က ရွာနီးချင်း...မျိုးနွယ်တွေနဲ့ အတူ လာပြီး ဝတ်ပြုကိုးကွယ်ကြတယ်ကွဲ့၊...
အဘတို့ရဲ့စိတ်နှလုံး သာယာချမ်းမြေ့ ကောင်းမွန်မှုတွေကို ရှာကြတာပေါ့...
အဘတို့ရဲ့ ရှေးလူကြီးတွေနဲ့ သေဆုံးသွားပြီဖြစ်တဲ့ ဆွေမျိုးတွေကို ဒီနေရာမှာ မြှုပ်နှံထားတယ်လေ....
ဘာဖြစ်လို့.... ဒီမွန်မြတ်တဲ့ သစ်တောထဲက သစ်ပင်တွေက အကြီးကြီးတွေ ဖြစ်နေတာလဲ အဘ.....


အဲ့ဒါဘာလို့လဲဆိုတော့...
ဘယ်သူ့ကိုမှဒီတောထဲမှာ
သစ်ပင်မခုတ်ခိုင်းဘူး......
လူကလေးရဲ့
ဘာ့ကြောင့်လဲ
အဘ.....
ဘာဖြစ်လို့လဲဆိုတော့ ..... အဘတို့သောက်နေတဲ့သောက်ရေတွေက
ဒီနေရာကနေစတယ်လေ။


တကယ်လို့သာ လူတွေက
ဒီတောထဲက သစ်ပင်တွေကို
လာခုတ်ကြရင် .......
ဒီသောက်ရေတွေလဲ ခမ်းကုန်မှာ
ဖြစ်တယ်။
ဦးလေး ကီးမိုင်း ....
ဘာတွေ လုပ်နေလဲဗျ။
........
ဦးလေးရဲ့အခု မွေးလိုက်တဲ့ ကလေးရဲ့
ချက်ကြိုးကို ...........
ဒီအပင်ကြီးမှာ လာချည်နေတာလေ
ကဲကဲ ..... ကလေးတွေကို
ဘာတွေလုပ်နေတယ်ဆိုတာ
ရှင်းပြလိုက်ဦး။ ......
PEANG PE LAP...


ဟုတ်ကဲ့....
အဘ။
လာ ကလေးတို့၊ .........
ဒီအပင်ကြီးကို တွေ့လား။
ဒီသစ်ပင်ကြီးဟာ ဦးရဲ့အပင်ကြီးလေ။
ဦးရဲ့အဖေက ဦးကိုမွေးတုန်းက ဒီသစ်ပင်ကြီးမှာ
ဦးရဲ့ချက်ကြိုးကို လာချည်ခဲ့တယ်လေ .....
.... သန်မာထွားကြိုင်းလာမယ်
ဆိုတာ ယုံကြည်ကြတယ်လေ။
သားတို့တစ်ယောက်ချင်းစီမှာလဲ
အပင်ကြီးတွေ ရှိတယ်။
ဦးတို့က ... ဒီအပင်မှာ ချက်ကြိုးတွေကို
လာချည်တယ်၊ ဘာ့ကြောင့်လဲဆိုတော့
ဒီလိုချည်ထားရင် ကလေးတွေဟာ .....
ဒီအပင်ကြီးလို .......
သားတို့ကြီးရင် .....
သားတို့မိဘတွေက
ဘယ်အပင်က သားတို့ရဲ့
အပင်ဆိုတာ ပြောပြကြမှာပါ။
......


တကယ်လို့....တစ်ယောက်ယောက်ကလာပြီးတော့.......ဒီတောထဲက အပင်တွေကို လာခုတ်မယ်ဆို .....
ကျွန်တော်တို့ ..... ဘာလုပ်ရမလဲ အဘ။ .......
အဘတို့ဆီမှာ ..... ဘာကိုတော့ဖြင့် လုပ်နိုင်တယ်၊ ဘာကိုတော့ဖြင့် မလုပ်နိုင်ဘူးဆိုတဲ့ .... စည်းမျဉ်းစည်းကမ်းတွေ ဒီတောထဲမှာ ရှိတယ်ကွယ့်။
အဘတို့ လူမျိုးတွေနဲ့ ..... အနီးနားက တခြားမျိုးနွယ်တွေမှာလဲ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားတယ်။
မွန်မြတ်သစ်တောကာကွယ်ရေး ကော်မတီတွေ ရှိတယ်၊ .... ဒီကော်မတီတွေကနေပြီးတော့ ဒီသစ်တောကြီးကို ကြည့်ရှုစောင့်ရှောက်တယ်၊ နောက်ပြီး .......စည်းမျဉ်းစည်းကမ်းတွေကို လူတွေ လိုက်နာအောင် လုပ်ကြတယ်လေ။


ဘယ်လိုမျိုးစည်းမျဉ်းစည်းကမ်းတွေလဲ။
ကော်မတီမှာရော ဘယ်သူတွေ ပါလဲဗျ။
ကော်မတီကို နှစ်ဘက်စလုံးက ....
ရွာသူရွာသားတွေ၊ သက်ကြီးရွယ်အိုတွေ၊
အမျိုးသမီးတွေနဲ့၊ လူငယ်ခေါင်းဆောင်
တွေနဲ့ ဖွဲ့စည်းထားတယ်။
ပထမစည်းမျဉ်းစည်းကမ်းက .....
..... ဘယ်သူ့ကိုမှ
ဒီသစ်တောထဲက အပင်
ကြီးတွေကို ခုတ်ဖို့ ခွင့်မပြုဘူး၊
ဘာလို့လဲဆိုတာ .....
သိပြီးပြီနော်။
ဒုတိယ စည်းမျဉ်းစည်းကမ်းက၊ .......
ဒီသစ်တောထဲကနေ ဆေးဘက်ဝင်
အပင်တွေနဲ့ ဟင်းသီးဟင်းရွက်
အပင်တွေ လောက်တော့ .....
ခူးဖို့ ခွင့်ပြုထားတယ်။
တတိယအချက်ကတော့ ....
အမဲလိုက်တာနဲ့ ဆိုင်တယ်ကွယ့်
.......


အိုး ....
ဦးလေးဟုန်းကီးကြီး ...
တောဝက်အကြီးကြီး
ရထားတယ်ဟေ့ !!!!!
ဟုတ်တယ် လူလေးရဲ့ ....
ဒီတောဝက်ကြီးကို ....ဦးတို့
တစ်ညလုံး လိုက်ထားရတယ်။
ဒီနားလာပါဦး ဟုန်းကီးရဲ့ ....
ကလေးတွေကို ဒီတောမှာ
ချမှတ်ထားတဲ့ စည်းမျဉ်းစည်း
ကမ်းတွေကို ရှင်းပြနေတာ ....
အမဲလိုက်တာနဲ့ ....
ပက်သက်တဲ့ စည်းကမ်း
တွေအကြောင်း
မင်းပဲ ရှင်းပြလိုက်ပါဦး။


သားဖွားချိန် သားပေါက်ချိန် တွေဆိုရင် ဒီတောထဲက ...... သားကောင်တွေကို အမဲလိုက်ဖို့ ခွင့်မပြုဘူး၊ ..........
သားကောင်တွေ ..... ဇီးကပ်နေရင်လဲ အမဲမလိုက်ရဘူး။
သားကောင်အငယ်ကလေးတွေ၊ နို့တိုက်နေတဲ့ သတ္တဝါ တွေဆိုရင် ..... မသတ်ရဘူး။
ကဲ ....... အခုဒီမွန်မြတ်တဲ့ သစ်တောကြီးက အဘတို့နဲ့ တခြားမျိုးနွယ်စုတွေအတွက် .......
ဘယ်လောက် အရေးပါတယ်ဆိုတာ သိကြပြီနော်။
ကျွန်မတို့နဲ့ ရွာနီးနားက မျိုးနွယ်စုတွေ အတူတူ ..... စီမံခန့်ခွဲနိုင်တဲ့ အရင်းအမြစ်တွေ ရှိလားအဘ။
ရှိတာပေါ့ သမီးရဲ့။ ..... တောင်ဘက်မှာရှိတဲ့ မြစ်ကြီးနဲ့ အနောက်ဘက်က ရေကန် ကြီးဟာ အခြားဘုံပိုင်တဲ့ အရင်းအမြစ်တွေပေါ့။
MAP


အဲ့ဒီ့အရင်းအမြစ်တွေကို.....
အဘတို့နဲ့အနီးနားက မျိုးနွယ်စုတွေ
အတူတူပေါင်းပြီးတော့ .....
စီမံခန့်ခွဲကြတယ်လေ။
ဒါဆို ဒီရေကန်နဲ့မြစ်ချောင်း
အသုံးပြုမှုတွေမှာလဲ ....
စည်းမျဉ်းစည်းကမ်းတွေ ရှိမှာပဲပေါ့။
အေး.....
ရှိတာပေါ့ကွယ့်။
ပုံဥပမာ ပြရမယ်ဆိုရင်.....
ရွာသွားတွေဟာ ရိုးရာနည်းနဲ့ပဲ
ငါးတွေဖမ်းရမယ်..... ဒီလိုမှလဲ
ရေရှည်အတွက် ပိုကောင်းမှာပေါ့။
နွေရာသီလို ရေနည်းတဲ့အချိန်၊ ငါးတွေ ဥဥသားပေါက်တဲ့အချိန်မှာ
ဘယ်သူမှ.............
ရေဆန်တက်ပြီးတော့ ငါးမဖမ်းရဘူး။


လာ...... ဒီထိန်းသိမ်းထားတဲ့ သစ်တောထဲ ဆင်းရအောင် ......
ဒီထိန်းသိမ်းထားတဲ့ သစ်တောလဲ ... အဘတို့ ပိုင်နက်ထဲမှာရှိတာပဲ
အမဲလိုက်တာတို့၊ ..... အသီးအရွက်ခူးတာတို့ ..... အများပိုင်အဆောက်အဦးတွေ ဆောက်ဖို့ ....... သစ်ဝါးခုတ်တာ တို့လောက်ပဲ .......... ခွင့်ပြုထားတယ်။
အဘတို့က ... ဒီသစ်တောတွေကို လူငယ်တွေ လူလေးတို့လို ကလေးတွေအတွက် ထိန်းသိမ်းထားတာ။ အခုထိ ဒီတောထဲမှာ သတ်မှတ်ထားတဲ့ လုပ်ငန်းတွေကိုသာ ခွင့်ပြုထားတယ်၊ ........
တကယ်လို့ ....... ရွာသူရွာသား တစ်ယောက်က ဒီတောထဲမှာ ရှိတဲ့ အပင်တွေကို ရောင်းဖို့ ခုတ်မယ်ဆိုခဲ့ရင် ........ ဘာဖြစ်မလဲ အဘ။
အဘတို့က ..... ဒီမြေနဲ့ ဒီသစ်တော ထဲကထွက်တဲ့ သဘာဝ အရင်းအမြစ် တွေကို အဘတို့ရဲ့ စားဝတ်နေရေး အထောက်ပံ့အတွက် ...... အသုံးပြုကြတယ်။
ဒီအရင်းအမြစ်တွေကို ..... ပိုမိုအလွန် အကျွံသုံးစွဲတာကို ရှောင်ကြတယ်။ အဘတို့ရဲ့ မျိုးဆက်သစ်တွေအတွက် ဒီတောဒီတောင်တွေကို ..... ကာကွယ်ထိန်းသိမ်းဖို့က အဘတို့ရဲ့ တာဝန်တွေပဲဆိုတာ ယုံကြည်တယ်လေ။


ရှေးကဘိုးဘေးတွေလိုပဲ
ဒီတောထဲကနေ......
ကိုယ်လိုအပ်သလောက်ပဲ
ယူသုံးကြတယ်။
အဘတို့မှာ......
ထိန်းသိမ်းသစ်တော
ကာကွယ်ရေး
ကော်မတီကို.......
....... အားကောင်းစေတဲ့....
စည်းမျဉ်းစည်းကမ်းတွေရှိတယ်။
ဒီစည်းမျဉ်းတွေအရ....
ဒီတောထဲကနေ
သစ်ပင်တွေကိုအများပိုင်
အဆောက်အဦးတွေနဲ့.......
မိသားစုအသစ်တွေအတွက်......
အိမ်တွေဆောက်ဖို့နေရာတွေမှာ
အသုံးပြုနိုင်တယ်။
သစ်ပင်မခုတ်ခင်ရွာသားတွေဟာ
ဘာလုပ်ဖို့သစ်ခုတ်တယ်ဆိုတာ...
ကော်မတီကို....
အရင်အကြောင်းကြားရမယ်။


ကော်မတီက .....
ခွင့်ပြုချက်ရမှသာ ရွာသား
တွေဟာ ဒီသစ်ပင်တွေကို
ခုတ်ပြီး သစ်တွေ ယူနိုင်တယ်။
ဒီထိန်းသိမ်းထားတဲ့
သစ်တောလိုပဲ
ကျွန်မတို့ စီမံနိုင်တဲ့ ....
အခြားအရင်းအမြစ်တွေ
ရှိသေးလားအဘ။
ရွာအရှေ့ဘက်က....
စားကျက်နယ်မြေတွေဟာ
နောက်ထပ် အဘတို့ လူမျိုးတွေ
စီမံနိုင်တဲ့ အများပိုင် မြေတွေ
ပေါ့ကွယ် .....
ဒီရွာမှာ နေတဲ့ ဘယ်ရွာသူရွာသားမဆို
သိုး၊ဆိတ်တွေနဲ့ ကျွဲ၊ နွားတွေကို
ဒီစားကျက်မှာ ကျောင်းနိုင်တယ်။
အခု....
ရွှေ့ပြောင်းတောင်ယာ
တွေဆီ သွားကြည့်ရအောင်။


ကြည့်ကြ သားတို့ သမီးတို့၊ ......
ဒီနေရာတွေဟာ အဘတို့ရဲ့ စားနပ်ရိက္ခာ
ဖူလုံစေတဲ့ နေရာတွေပေါ့။
အဘငယ်ငယ်တုန်းကဆိုရင်
တချို့နေရာတွေဟာ ........
ထိန်းသိမ်းထားတဲ့သစ်တောရဲ့
အစိတ်အပိုင်းတွေပဲ ရှိသေးတယ်။
ဒါပေမယ့် ရွာသူရွာသားတွေ
များလာတော့
ဒီရွှေ့ပြောင်းတောင်ယာ ....
.... တွေကို ဒီနေရာတွေအထိ
ချဲ့ထွင်လာရတယ်။
ဒီလိုမှလဲ ......အဘတို့ရဲ့
တိုးပွားလာတဲ့ လူဦးရေအတွက်
စားနပ်ရိက္ခာ ဖူလုံနိုင်မှာပေါ့။
ကျေးဇူးပြုပြီးတော့ ...... လူထုက
ဒီရွှေ့ပြောင်းတောင်ယာတွေကို
ရွာသားတစ်ယောက်စီအတွက်
ဘယ်လိုဆုံးဖြတ်ပြီးတော့
နေရာချသလဲဆိုတာ ရှင်းပြပါလားအဘ။
ပုံမှန်အရတော့ ......
အဘတို့က
...... ခုနစ်နှစ်ကနေ ဆယ်နှစ်အထိ မစိုက်ပျိုးပဲ
ရပ်နားထားတဲ့ ကုန်းမြေတွေကို ရွေးချယ်တယ်။


ဒီရွေးထားတဲ့မြေတွေအနက်ကမှ
မိသားစုတစ်စုစီဟာ နှစ်နှစ်စီ စိုက်ပျိုးဖို့မြေကွက်တွေ
ရမယ်။
ဒီလို ဝေခြမ်းတဲ့ပမာဏဟာလဲ ......မိသားစုတစ်စုရဲ့
မိသားစုဝင်အရေအတွက်ပေါ်မူတည်သေးတယ်။
နှစ်နှစ်လောက်စိုက်ပျိုးပြီးပြီဆိုရင်
ဒီမြေနေရာကို .....
ခဏအနားပေးပြီးတော့၊
လူထုက နောက်တဖန် ဒီရွှေ့ပြောင်း
တောင်ယာအတွင်းက .....
တခြားမြေတွေကိုပြန်ရွေးချယ်တယ်။
ဒီလိုနားထားတဲ့ ကုန်းမြေ
တွေကိုတော့........
နောင်ခုနစ်နှစ်ကနေ
ဆယ်နှစ်လောက်မှ
တောင်ယာပြန်စိုက်ကြတယ်။
ဘာလို့ ....
နားဖို့လိုအပ်တာလဲအဘ။
ဒီလိုနားတဲ့အခါကျတော့........
ဒီနေရာမှာ ရှိတဲ့ မြေဆီလွှာတွေဟာ
ပြန်လည်ကောင်းမွန်လာမယ်လေ။


ဒီတော့ ..... နောက်တစ်ခါပြန်စိုက်ပျိုးတဲ့အခါ
အထွက်နှုန်းတွေပိုကောင်းလာမယ်။
ဒီလိုနားနေတဲ့အတောအတွင်းမှာ ဒီသစ်တော
နဲ့အခြားအပင်တွေဟာပြန်ပေါက်လာမယ်။
ဒီတော့ ...... အဘတို့နဲ့ အဘတို့မွေးထားတဲ့
တိရိစ္ဆာန်တွေအတွက် ပိုမိုများပြားတဲ့ အစားအစာတွေ
ထုတ်ကုန်တွေရတာပေါ့။
ဟေး ..... ဒေါ်ရှင်းဖွေ
ဒီနှစ် ရွှေ့ပြောင်းတောင်ယာကို
စောစောစိုက်ပျိုးဖို့စီစဉ်နေတာလား။
ဟုတ်တယ်အဘရေ..... လွန်ခဲ့တဲ့
သုံးလေးရက်က ကျွန်မခင်ပွန်းက
ငှက်တွေအုပ်စုလိုက် ..........
အနောက်ဘက်ကိုပျံသွားတာ
မြင်လိုက်တယ်လေ
မုတ်သုန်ရာသီလာတော့မယ်၊
မိုးစောစောရွာမယ်လို့
မျှော်လင့်မိတာပဲ အဘရဲ့.......
ဒီနှစ်ကော....
ဘာတွေစိုက်ဖို့စီစဉ်ထားလဲ။


မနှစ်ကစိုက်တဲ့အထဲကနေ.... ပြောင်း၊ ဆန်၊ အာလူးနဲ့ကြက်ဟင်းခါးသီး အစေ့တွေ သိမ်းထားတယ် အဘ။
ဒီတော့..... ဒီအစေ့တွေကိုပဲ ဒီနှစ်စိုက်မယ်။
ဒီတစ်ခါ.... ပိုများတဲ့ သီးပင်တွေ ရိတ်သိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်ကွယ်။
နည်းနည်းနောက်ကျနေပြီ။ ရွာဘက်ပြန်ရအောင်ပော့၊ လူလေးတို့ကို နောက်ထပ်ပြီးတော့..... စပါးစိုက်ကွင်းတွေနဲ့ လူနေထိုင်မှု မြေယာပိုင်ဆိုင်မှုတွေအကြောင်းရှင်းပြမယ်။
ဒီနေ့ရှင်းပြပြီးသွားတဲ့ အများပိုင် မြေယာတွေ၊ အရင်းအမြစ်တွေနဲ့ မတူတာကတော့၊ စပါးစိုက်ကွင်းတွေ အိမ်တွေကို မိသားစုဝင်တွေကပိုင်ဆိုင်ကြတယ်။
ဒါဆို ...... ကျွန်တော်တို့က ကျွန်တော်တို့ အိမ်နဲ့ ........
စပါးစိုက်လယ်တွေမှာ.... ရောင်းဝယ်တာတွေ လုပ် ချင်တာ လုပ်လို့ရတယ်လို့ ဆိုလိုတာလားအဘ။
ဟုတ်တယ်လဲ ဆိုလို့ ရတယ်၊ မဟုတ်ဘူးလို့လဲ ဆိုလို့ရတယ် လူလေး။


ဘာလို့ဟုတ်တာလဲဆိုတော့ လူလေးရဲ့မိသားစုဟာစပါးကွင်းနဲ့ အိမ်တွေကိုလူလေးကိုဖြစ်ဖြစ်၊ လူလေးရဲ့ဆွေမျိုးတွေကိုဖြစ်ဖြစ်၊ဒီရွာမှာနေတဲ့တခြားမိသားစုတွေကိုဖြစ်ဖြစ် ပေးနိုင်တယ်၊ ရောင်းနိုင်တယ်။
အဲ.....
မဟုတ်ဘူးဆိုတာကျတော့ အဘတို့ရဲ့......
ဓလေ့ထုံးတမ်းဥပဒေအရ ဒီနယ်မြေမှာနေထိုင်တဲ့ လူတွေကနေဒီမြေယာတွေကို
တခြား....... ပြင်ပကလူတွေကို ရောင်းချခွင့်မပြုဘူးကွယ့်။
ဘာ့ကြောင့် .......
ကိုယ့်မိသားစုပိုင်တဲ့မြေတွေကို သူစိမ်းတွေကိုရောင်းလို့မရတာလဲအဘ။
ဘာလို့လဲဆိုတော့ ........
အဘတို့နယ်မြေထဲက မြေတွေကိုအဘတို့ရဲ့မျိုးဆက်သစ်တွေအတွက်ကာကွယ်ဖို့လိုအပ်တယ်လေ၊ လူလေးတို့လိုလူငယ်တွေအတွက်ပေါ့ကွယ်။
ဒါမှလူလေးတို့ကဆက်ပြီးတော့ လုပ်ကိုင်ပြီးတော့လူလေးတို့ဘဝတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မှာပေါ့.......


တခြားရွာတွေမှာရော အဘ။
ကျွန်တော်တို့လို ...... မြေယာနဲ့ အရင်းအမြစ် အုပ်ချုပ်မှုစနစ်တွေ ရှိလား အဘ။
ထပ်တူကျအောင်တော့ မတူပေမယ့်၊ သိပ်မခြားနားတဲ့ နည်းစနစ်တွေ၊ ဥပဒေတွေ၊ ယုံကြည်မှုတွေတော့ ရှိတယ်။
ကဲ .... အခု လူလေးတို့ဟာ အဘတို့ မြေယာတွေ ပိုင်နက်နယ်မြေတွေ၊ အရင်းအမြစ်တွေက အဘတို့ အသက်ရှင်ရပ်တည်ဖို့၊ ထုံးတမ်း ယဉ်ကျေးမှု၊ အုပ်ချုပ်မှုစနစ်တွေအတွက် ဘယ်လောက် အရေးပါတယ်ဆိုတာ သိကြပြီနော်။
ဟုတ်ကဲ့ သိပါပြီ အဘ။ ..... အခု ကျွန်တော်တို့ ကျွန်တော်တို့ရဲ့ မြေယာတွေကို ပတ်ဝန်းကျင်က ..........
ဌာနေတိုင်းရင်းသား လူမျိုးစုတွေနဲ့ အတူတူ ကာကွယ်ရမယ်ဆိုတာ သိပါပြီ။


မြေယာနဲ့ အရင်းအမြစ်တွေကို
မျိုးဆက်တွေအတွက် ........
ကာကွယ်ပြုစုစောင့်ရှောက်
နေခဲ့တဲ့ ...... ဌာနေတိုင်းရင်းသား
လူမျိုးများအနေနဲ့၊ အဘတို့မှာအဘတို့မြေယာ
များနဲ့ ဒီပိုင်နက်နယ်မြေတွေအတွက် အခွင့်အရေး
တွေ ရှိတယ်။ ဒီလိုပဲအဘတို့က စုပေါင်းပြီး ........
အသက်ရှင်သန်နိုင်ရေးနဲ့ အဘတို့ရဲ့
ယဉ်ကျေးမှုတွေ ......
ဘဝခရီးလမ်းတွေကို ဒီချောင်းရိုင်း
ရွာလေးမှာ ဆက်လက်လျှောက်
လှမ်းနိုင်တယ်။
ဌာနေတိုင်းရင်းသားလူမျိုးများ၏မြေယာ၊ပိုင်နက်နယ်မြေနှင့်အရင်းအမြစ်များအပေါ်အခွင့်အရေးများကိုကုလသမဂ္ဂ
ဌာနေတိုင်းရင်းသားများအခွင့်အရေး ကြေငြာစာတမ်း (UNDRIP) ၌ အတည်ပြုထားသည်။

ဌာနေတိုင်းရင်းသားများ၏ မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် အရင်းအမြစ်များအပေါ် ၎င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်နိုင်သော မည်သည့်စီမံချက်များမဆို လွတ်လပ်သောကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း **(FPIC)** ပြုလုပ်ရန်လိုအပ်သည်။ ။



အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ
ဥပမာ - ရေအားအတွက် အကြီးစားဆည်များ



တွင်းထွက်သယံဇာတများ
တူးဖော်ရေးလုပ်ငန်းများ



အမျိုးသားဥယျာဉ်တည်ထောင်ခြင်း၊
ကာကွယ်ခြင်းများပြုလုပ်ခြင်း



သစ်ပင်အမျိုးအစားတစ်ခုတည်း
အမြောက်အမြား စိုက်ပျိုးခြင်းစီမံကိန်းများ

## ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာကြေငြာစာတမ်းမှ မြေယာ၊ ပိုင်နက်နယ်မြေနှင့် အရင်းအမြစ်များအပေါ် ဌာနေတိုင်းရင်းသားတို့၏အခွင့်အရေးများ

အပိုဒ် (၂၅) - ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိရိုးဖလာယဉ်ကျေးမှုအရ လယ်၊ မြေ၊ ရေ၊ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် သဘာဝသယံဇာတပစ္စည်းများကို ထိန်းသိမ်းကာကွယ်ပိုင်ခွင့်နှင့် ၄င်းတို့၏ မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းလွှဲပြောင်းပေးပိုင်ခွင့်များ ရှိသည်။

အပိုဒ် (၂၆) - (က) ဌာနေတိုင်းရင်းသားလူမျိုးများသည် ရိုးရာယဉ်ကျေးမှုအရပိုင်ဆိုင်၍ လုပ်ကိုင်စားသောက်လာသော လယ်၊ မြေ၊ နှင့် သဘာဝသယံဇာတပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိသည်။

(ခ) ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအရ ပိုင်ဆိုင်လာသော လယ်၊ မြေများနှင့် သဘာဝသယံဇာတပစ္စည်း များကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖွံ့ဖြိုးပိုင်ခွင့်နှင့် ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်များရှိသည်။

(ဂ) နိုင်ငံများသည် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများကို ၄င်းတို့၏ ထုံးတမ်းစဉ်လာ၊ ရိုးရာယဉ်ကျေးမှုများနှင့်အညီ တရားဥပဒေအရ လက်ခံအသိအမှတ်ပြုပေးရမည်။

အပိုဒ် (၁၀) - ဌာနေတိုင်းရင်းသားလူမျိုးများအား သူတို့ပိုင်ဆိုင်သော နယ်မြေများမှ အတင်းအဓမ္မပြောင်းရွှေ့စေခိုင်းခြင်း မရှိစေရ၊ ကြိုတင်အသိပေးအကြောင်းကြားခြင်း၊ လူမျိုးများ၏ သဘောထားအမှန်ပါရှိခြင်း၊ ထိုက်သင့်သောလျော်ကြေးပေးဆောင်ခြင်းနှင့် ပြန်လည်အခြေချနေထိုင်ခွင့် သဘောတူညီချက်များမရှိဘဲ မည်ကဲ့သို့သောအတင်းအဓမ္မနေရာပြောင်းရွှေ့စေခြင်းများ မရှိစေရ။

အပိုဒ် (၈) - ၁။ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ၄င်းတို့၏ယဉ်ကျေးမှုကို အခြားယဉ်ကျေးမှုနှင့် အတင်းအဓမ္မရောနှောခြင်း သို့မဟုတ် ဖျက်လိုဖျက်ဆီး ခြင်းမပြုလုပ်ရ။

၂။ နိုင်ငံများအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများ လွတ်လပ်စွာပြောဆိုဆွေးနွေးနိုင်ရန်အတွက် ထိရောက်သောလုပ်ငန်းယန္တရားများ ထောက်ပံ့ပေးခြင်း အပြင် အောက်ပါအချက်များကိုလည်း ထည့်သွင်းဖြေရှင်းပေးရမည်။

(က) ဌာနေတိုင်းရင်းသားလူမျိုးများ၏ အမှတ်အသား၊ ဂုဏ်သိက္ခာနှင့် ရိုးရာယဉ်ကျေးမှုတန်ဖိုးများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖျက်ဆီးလိုသော မည့်သည့်လုပ်ရပ်များကိုမဆို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ယူဖြေရှင်းပေးရမည်။

(ခ) ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်မြေများနှင့် သဘာဝသယံဇာတပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖျက်ဆီးလိုသော မည့်သည့်လုပ်ရပ်များကိုမဆို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ယူဖြေရှင်းပေးရမည်။

(ဂ) ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ခြိမ်းခြောက်နိုင်သော မည်ကဲ့သို့သော ရွှေ့ပြောင်းအခြေချနေထိုင်မှုများအား မဆို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ယူဖြေရှင်းပေးရမည်။

(ဃ) အခြားသောလူမှုအသိုင်းအဝိုင်းတစ်ခု၏ ယဉ်ကျေးမှုထဲသို့ ဌာနေတိုင်းရင်းသားလူမျိုးများကို အတင်းအကျပ်သွတ်သွင်းခြင်းများကို လည်း သက်ဆိုင်ရာနိုင်ငံများမှ အရေးယူဆောင်ရွက်ပေးရမည်။

(င) လူမျိုးရေးခွဲခြားဆက်ဆံမှု သို့မဟုတ် လူမျိုးရေးပဋိပက္ခများကို လှုံ့ဆော်ဖန်တီးပေးနိုင်သော မည်ကဲ့သို့သောဝါဒဖြန့်ချီရေးမျိုးကိုမဆို သက်ဆိုင် ရာနိုင်ငံများမှ ပိတ်ပင်တားဆီးပေးရမည်။

အပိုဒ် (၂၇) - ဌာနေတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာဥပဒေများနှင့်အညီ နိုင်ငံများအနေဖြင့် တရားမျှတပြီး လွတ်လွပ်သော ဥပဒေပြုစနစ်များဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများပိုင်ဆိုင်သော လယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများကို အသိအမှတ်ပြုလက်ခံပေးရမည်။

အပိုဒ် (၂၀) - (က) ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ရိုးရာယဉ်ကျေးမှုအရ ပိုင်ဆိုင်လာသော လယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများကို ၄င်းတို့၏သဘောထားဆန္ဒမပါရှိဘဲ အတင်းအဓမ္မ (သို့) မမျှတသောနစ်နာကြေးများပေး၍ သိမ်းပိုက်ခြင်းများကိုလည်း တရားဥပဒေအရ ပြန်လည်တောင်းဆိုရယူပိုင်ခွင့်ရှိသည်။

(ခ) ထို လယ်ယာမြေများနှင့် သဘာဝသယံဇာတပစ္စည်းများကို ပြန်လည်မရရှိခဲ့လျှင်၊ ဌာနေတိုင်းရင်းသားလူမျိုးများသည် ၄င်းတို့၏သဘော ဆန္ဒနှင့်အညီ သိမ်းယူသွားသောပစ္စည်းများ၏တန်ဖိုးနှင့် ထိုက်သင့်သောလျော်ကြေးများ ရရှိခံစားပိုင်ခွင့်ရှိသည်။

အပိုင်း (၂၉) - (က) ဌာနေတိုင်းရင်းသားလူမျိုးများသည် ၄င်းတို့၏ လယ်၊ မြေနှင့် သဘာဝသယံဇာတပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်နှင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။ နိုင်ငံများအနေဖြင့် ခွဲခြားဆက်ဆံမှုများမပြုဘဲ လိုအပ်သောအစီအစဉ်များနှင့် အဆောက်အဦးများကို ကူညီထူထောင်ပေးရမည်။

(ခ) ဌာနေတိုင်းရင်းသားလူမျိုးများ၏ သဘောထားဆန္ဒမပါဘဲ ၄င်းတို့နှင့်သက်ဆိုင်သော လယ်ယာမြေများတွင် အန္တရာယ်ပြုနိုင်သောအရာများမရှိစေရန် နိုင်ငံများအနေဖြင့် ထိရောက်သောလုပ်ငန်းယန္တရားများဖြင့် တာဝန်သူဆောင်ရွက်ပေးရမည်။

(ဂ) ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ထိုကဲ့သို့အန္တရာယ်ပြုနိုင်သော လက်နက်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါက နိုင်ငံများအနေဖြင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များကိုလဲ ထိရောက်စွာ တာဝန်ယူဆောင်ရွက် ပေးရမည်။

**Asia Indigenous Peoples Pact (AIPP)** အကြောင်းတစ်စေ့တစ်စောင်း

အာရှဌာနေတိုင်းသားများကွန်ယက် **(AIPP)** အဖွဲ့သည် အာရှဒေသအဆင့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် ဌာနေတိုင်းရင်းသားများ၏ လှုပ်ရှားမှုများမှ ပေါ်ပေါက်လာသည့်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဌာနေတိုင်းရင်းသားများ၏ သွေးစည်းညီညွတ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် အားပေးမြှင့်တင်ခြင်းတို့ကို အားကောင်းလာအောင် လုပ်ဆောင်သည့်အဖွဲ့အစည်းဖြစ်ပြီး ဌာနေတိုင်းရင်းသားအခွင့်အရေး၊ လူ့အခွင့်အရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ကဏ္ဍများတွင် မြှင့်တင်ခြင်း၊ ခိုင်မာစေခြင်း၊ ကာကွယ်ပြောဆိုပေးခြင်းစသည့် နည်းလမ်းဖြင့် လုပ်ဆောင်သည်။ **AIPP** သည် အာရှဒေသအတွင်း အဖွဲ့ဝင် အဖွဲ့အစည်းပေါင်း ၄၇ ခုရှိပြီး နိုင်ငံတော်အဆင့် မဟာမိတ်များ၊ အမျိုးသမီး၊ လူငယ်နှင့် အခြေခံလူထုအခြေပြုအဖွဲ့အစည်းများ ပါဝင်သည်။

ရူပါရုံ **(Vision)**

အာရှဒေသတွင်းရှိ ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ကိုယ်ပိုင်အခွင့်အရေးများ သိသာထင်ရှားသော ယဉ်ကျေးမှုများနှင့် ဝိသေသလက္ခဏာများဖြင့် ရပ်တည်နေကြသူများ ဂုဏ်သိက္ခာရှိစွာ အသက်ရှင်သန်နေသူများဖြစ်ပြီး မိမိတို့၏ အနာဂါတ်နှင့် ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းသာယာသော တရားမျှတသော ညီညွတ်သော ပတ်ဝန်းကျင်တွင်နေထိုင်သောသူများဖြစ်ကြပါသည်။

ဦးတည်ချက်များ **(Mission)**

**AIPP** သည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရပ်တည်မှုများ၊ ရေရှည်တည်တံ့သော စီမံခန့်ခွဲမှုစနစ်များဖြင့် မိမိတို့၏ ရေရှည်ဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်အလို့ငှာ ဌာနေတိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်များကို အားပေးမြှင့်တင်ပေးသည့်လုပ်ငန်းများကို လုပ်ဆောင်ပါသည်။

ကျွန်ုပ်တို့၏ ပန်းတိုင်များ

- အာရှတိုက်တွင်နေထိုင်သော ဌာနေတိုင်းရင်းသားလူမျိုးများအား ၎င်းတို့၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို တိုးမြှင့်ကာကွယ်ပေးမှု အားကောင်းလာစေရန်နှင့် အခြားသော နိုင်ငံတကာလူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့များ အောက်တွင်ရှိသော ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အခွင့် အရေးများ နှင့် အထောက်အထားများအား တရားဥပဒေအရ သတ်မှတ်ခြင်းကိုထောက်ခံရန်။
- အာရှဒေသတွင်ရှိသော ဌာနေတိုင်းရင်းသားလူမျိုးများ၏ လှုပ်ရှားမှုများအား အားကောင်းလာစေရန်အတွက် စုပေါင်းစည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းပါဝင်ရေးတို့အား တည်ဆောက်ရန်။
- သဘာဝနှင့် ပတ်ဝန်းကျင်၏ ပြည့်စုံကောင်းမွန်မှုကို တိုးမြှင့်ကာကွယ်ရန်နှင့် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဗဟုသုတများ၊ စားနပ်ရိက္ခာဖူလုံပြည့်ဝမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပါဝင်သော တိုင်းရင်းသားလူမျိုးများ၏ ရေရှည် အရင်းအမြစ် စီမန်ခန့်ခွဲမှု စနစ်များကို ၎င်းတို့၏ မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် အရင်းအမြစ်များအပေါ် ပြည့်စုံစွာ ထိန်းချုပ်နိုင်ခြင်းဖြင့် တိုးမြှင့်ပေးရန်။
- ဆုံးဖြတ်ချက်အဆင့်နေရာအားလုံးတွင် အထူးသဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများနှင့် လူငယ်များကို ပူးပေါင်းပါဝင်ခြင်းနှင့် ကိုယ်စားပြုခြင်းများအား ပြည့်စုံ အကျိုးဖြစ်ထွန်းမှုကို ရရှိစေရန်။
- သာတူညီမျှမှု၊ တူညီမှု၊ ငြိမ်းချမ်းမှု၊ ဒီမိုကရေစီနှင့် တရားမျှတမှုကို ရှေးရှုသော လူမှုရေးလှုပ်ရှားမှုများနှင့် ပက်သက်သော ပူးပေါင်းလုပ်ဆောင်မှုများနှင့် စည်းလုံးညီညွတ်ရေးကို အားကောင်းလာစေရန်။

အာရှ ဌာနေတိုင်းရင်းသားများကွန်ယက် စီမံကိန်းများမှာ - လူ့အခွင့်အရေး ကမ်ပိန်းနှင့် မူဝါဒ ထောက်ခံရေးလှုပ်ရှားမှု၊ ဆက်ဆံရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း၊ ဒေသတွင်း လူ့စွမ်းအားတည်ဆောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်၊ ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ။

အာရှ ဌာနေတိုင်းရင်းသားများကွန်ယက်ကို ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေး ကောင်စီ၏ အထူးအကြံပေးအဖြစ် အသိအမှတ်ပြုခံရသော အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ခလေ့ထုံးတမ်းဖွဲ့စည်းမှု၊ ကမ္ဘာ့ ဉာဏပညာပိုင်ဆိုင်မှု အဖွဲ့အစည်းနှင့်၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခလေ့ထုံးတမ်းဖွဲ့စည်းမှုဘောင်၏ လေ့လာရေးအဖွဲ့အစည်းများအဖြစ်လည်း အသိမှတ်ပြုသည်။

အာရှဌာနေတိုင်းရင်းသားများကွန်ယက်မှာ နိုင်ငံတကာ မြေယာညွန့်ပေါင်းအဖွဲ့နှင့် ကမ္ဘာလုံးဆိုင်ရာ ဝန်းကျင်လုပ်ငန်းများ အဖွဲ့ကွန်ယက် တို့၏ အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

The contents of this comic book may be reproduced and distributed for non-commercial purposes, if AIPP is notified and the authors and AIPP are acknowledged as the source.

Learn more about Indigenous Peoples Rights at: www.aippnet.org/ www.ccmin.aippnet.org/www.iphrdefenders.net www.iva.aippnet.org

**Printed By: AIPP printing pressCo.,ltd**

European Union

The printing press has been established with support from the European Union's European Instrument for Democracy and Human Rights

AIPP PRINTING PRESS CO., LTD.